KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

အောက်တိုဘာလ ၃၁ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-91-I1

---

# ဘိတ်ထားဝယ်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - SAC မြေမြှုပ်မိုင်းထိမှန်၍ အသက်(၅၁)နှစ်အရွယ် အမျိုးအသမီးတစ်ဦးဒဏ်ရာရရှိမှု (၂၀၂၅ ခုနှစ်၊ မတ်လ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်တွင် ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ပန--- ကျေးရွာတွင်နေထိုင်သော အသက် (၅၁) နှစ်အရွယ် အမျိုးသမီးဖြစ်သူ ဒေါ်တ--- သည် ယုဇနဆီအုန်းကုမ္ပဏီပိုင်ဆိုင်သည့်ဆီအုန်းခြံထဲတွင်အလုပ်လုပ်နေစဉ် မြေမြှုပ်မိုင်းတစ်လုံးကိုနင်းမိ၍ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ သူမ၏ဘယ်ဘက်ခြေထောက်မှာ ဒဏ်ရာဆိုးဆိုးရွားရွားရရှိခဲ့သည်။ သူမကိုဆေးရုံသို့ မပို့မီ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများက သူမ၏ဒဏ်ရာကို ဆေးလိမ်း၍ အရေးပေါ်ကုသမှုပေးခဲ့သည်။ သူမအလုပ်လုပ်သည့်နေရာဒေသတွင် SAC စစ်သားများ မကြာခဏသွားလာလှုပ်ရှားပြီး မြေမြှုပ်မိုင်းထောင်ထားခြင်းရှိကြောင်း ဒေသခံရွာသားများသိရှိထား၍ စိုးရိမ်ကြောက်ရွံ့နေရသည်။ ဒေါ်တ--- နှင့်သူမ၏မိသားစုသည် ယခင်က ရန်ကုန်မြို့တွင် နေထိုင်ခဲ့သည်။ အခင်းဖြစ်ပွားသည့်အချိန်ကာလအတွင်းမှာ ဒေါ်တ--- တို့မိသားစုသည် ပန--- ကျေးရွာအနီးရှိ ယုဇနဆီအုန်းကုမ္ပဏီတွင် အလုပ်သမားများအဖြစ်လုပ်ကိုင်နေကြသည်။ ဒေါ်တ--- သည် ဤသို့ဒဏ်ရာရရှိပြီးနောက် သူမ၏သားသမီးများကလည်း သူမအားကူညီထောက်ပံ့မှုမပေးနိုင်၍စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့နေရသည်။ ယုဇနဆီအုန်းကုမ္ပဏီမှ ဒေါ်တ--- ၏ဆေးကုသမှုကုန်ကျစရိတ်ကို တာဝန်ယူပေးခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် သူမအနေဖြင့် သူမ၏လုပ်ဖော်ကိုင်ဖက်များနှင့်သူမ၏သမီးဆီမှ ကူညီပေးသည့်ငွေဖြင့်သာ အသက်ရှင်သန်နေရပြီး နောက်ထပ်ကူညီထောက်ပံ့မှုများလိုအပ်နေကြောင်း သိရှိရသည်။ ဤသို့မြေမြှုပ်မိုင်းထိမှန်သည့်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ထိုဒေသရှိ ရွာသားများသည် ၎င်းတို့၏ဥယျာဉ်ခြံထဲကို သွားလာလုပ်ကိုင်ရာတွင်လုံခြုံမှုမရှိဟုခံစားနေရသည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဘိတ်ထားဝယ်ခရိုင်ရှိဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ တက--- ကျေးရွာအနီးရှိ နက--- နေရာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | ဒေါ်တ--- |
| **အသက်** | ၅၁ နှစ် |
| **ကျား/မ** | မ |
| **လူမျိုး** | ဗမာ |
| **အိမ်ထောင် ရှိ/မရှိ** | မုဆိုးမ |
| **အလုပ်အကိုင်** | ယုဇနဆီအုန်းကုမ္ပဏီအလုပ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | (အလုပ်သမား) |
| **နေရပ် ရွာအမည်** | စတိန်ကျေးရွာအုပ်စု၊ ပန--- ကျေးရွာ (ယခင်ကရန်ကုန်မှာနေသည်။) |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိအမည်** |
| မသိရှိရ | မသိရှိရ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) လက်အောက်ခံခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၅၈)နှင့် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၂၄) | လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ လေညာကျေးရွာနှင့်ချောင်းမွန် (၅) ကျေးရွာအကြားရှိ အတွင်းဘုတ်ပြင်း | မသိရှိရ |
| မသိရှိရ | မသိရှိရ | SAC ခြေမြန်တပ်ရင်း (၅၅၉) နှင့် (၅၆၀) | လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ လေညာကျေးရွာ | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤဖြစ်စဉ်နှင့်ပတ်သက်၍ ပထမဆုံးအနေဖြင့် ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ တက---ကျေးရွာတွင်နေထိုင်သောရွာသားနှစ်ဦးဖြစ်သူ စောသ--- နှင့် ကိုစျ--- တို့သည် KHRG သတင်းစုဆောင်းသူတစ်ဦး အားအကြောင်းကြားခဲ့သည်။ ၎င်းရွာသားနှစ်ဦးသည် အခင်းဖြစ်စဉ်ကိုကိုယ်တိုင်မြင်တွေ့ခဲ့သူများဖြစ်သည်။ ထို့နောက် သတင်းမှတ်တမ်းယူရန်အတွက် KHRG သတင်းစုဆောင်းသူသည် ၎င်းတို့အိမ်သို့ (စောသ--- နှင့် ကိုစျ---) သွားရောက်၍အင်တာဗျူးခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| KHRG သတင်းစုဆောင်းသူသည် မြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာရရှိသောအမျိုးသမီးတစ်ဦးကို ကူညီခဲ့သည့်မျက်မြင်သက်သေနှစ်ဦးအားတွေ့ဆုံမေးမြန်းခဲ့သည်။ ပထမမျက်မြင်တွေ့ရှိသူ စောသ--- သည် အခင်းဖြစ်ပွားသည့်နေရာတွင်ရှိနေပြီး ဒဏ်ရာရသည့်အမျိုးသမီးကိုကူညီခဲ့သည်။ (ဒုတိယမျက်မြင်တွေ့ရှိသူ) ကိုစျ---သည် ဒဏ်ရာရသည့်အမျိုးသမီးကို ဆေးရုံသို့ပို့ဆောင်ရန် စီစဉ်ပေးခဲ့သည်။ ကိုစျ--- သည် ထိုအမျိုးသမီးကို ဖြစ်စဉ်ဘယ်လိုဖြစ်ပွားခဲ့ကြောင်း မေးမြန်းခဲ့ပါသည်။ ထို့နောက် ကိုစျ--- သည် သူကြားသိရှိရသည့်အတိုင်း KHRG သတင်းစုဆောင်းသူအားပြောပြခဲ့သည်။ KHRG သတင်းစုဆောင်းသူသည် လုံခြုံရေးအခြေအနေကြောင့် ဒဏ်ရာရရှိသည့်အမျိုးသမီးကို သွားရောက်တွေ့ဆုံမေးမြန်းနိုင်ခြင်းမရှိခဲ့ပါ။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ နေ့လယ် (၁၂) နာရီတွင် ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ပန--- ကျေးရွာတွင်နေထိုင်သည့် အသက် (၅၁)နှစ်အရွယ်အမျိုးသမီးဖြစ်သူ ဒေါ်တ---သည် စတိန်ကျေးရွာအုပ်စု၊ တက---ကျေးရွာအနီးရှိ နက---နေရာတွင် မြေမြှုပ်မိုင်းတစ်လုံးကိုနင်းမိခဲ့သည်။ ဒေါ်တ--- သည် တက---ကျေးရွာအနီးရှိ နက--- နေရာတွင်ရှိသော ဆီအုန်းခြံထဲတွင်အလုပ်လုပ်နေစဉ် အဆိုပါမြေမြှုပ်မိုင်းကို မတော်တဆနင်းမိခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်တပ် ခလရ (၃၅၈)၊ ခမရ (၂၂၄)၊ ခမရ (၅၅၉)နှင့် ခမရ (၅၆၀) ပူးပေါင်းတပ်ဖွဲ့များမှ ၎င်းမြေမြှုပ်မိုင်းကို ထောင်ထားခဲ့ခြင်းဖြစ်သည်။ နက--- နေရာသည် (တက--- ကျေးရွာမှ) ရွာသားများအလုပ်လာလုပ်ကြသော ဆီအုန်းပင် များစိုက်ထားသည့်ခြံဖြစ်သည်။ နက---နေရာမှ တက---ကျေးရွာသို့ ခြေကျင်ဖြင့်သွားလျှင် တစ်နာရီခန့်ကြာမြင့်သည်။<br><br>မြေမြှုပ်မိုင်းပေါက်ကွဲ၍ ဒေါ်တ---၏ဘယ်ဘက်ခြေထောက်မှာ ဒဏ်ရာရရှိခဲ့သည်။ သူမ၏ခြေထောက်အရိုးကြေမွခဲ့သည်။ သူမသည် ယုဇနဆီအုန်းကုမ္ပဏီတွင်အလုပ်လုပ်နေသော ခြံအလုပ်သမားတစ်ဦးဖြစ်သည်။ အဆိုပါကုမ္ပဏီသည် |

စားအုန်းဆီကိုထုတ်လုပ်၍ SAC အား အခွန်ဆောင်ပေးသည်။ ယခင်ကလည်း KNU (ကရင်အမျိုးသားအစည်းအရုံး) အား အခွန်ဆောင်ပေးခဲ့သည်။ သို့သော်လည်း ၂၀၂၁ စစ်တပ်အာဏာသိမ်းပြီးနောက် KNU အား အခွန်ဆောင်ပေးရန် မလိုတော့ပေ။ ထိုအစား ၎င်းကုမ္ပဏီသည် ကော်သူးလေတပ်မတော် (KTLA) တပ်မှူးစောစပီး ဦးဆောင်သောခြေမြန်တပ်မ (၁) အား အခွန်ဆောင်ပေးရသည်။ သို့သော်လည်း SAC ကိုလည်း အခွန်ဆောင်ပေးနေရဆဲဖြစ်သည်။

ဒေါ်တ--- သည် မြေမြှုပ်မိုင်းထိမှန်၍ ဒဏ်ရာပြင်းထန်စွာရရှိကာ သွေးများအလွန်ထွက်နေသည်။ ကြေမွနေသည့်သူမ၏ ခြေထောက်အရိုးကိုလည်း မြင်နေရသည်။ ထိုသို့ဒဏ်ရာရရှိပြီးနောက် သူမနှင့်အတူအလုပ်လာလုပ်ကြသောအခြားရွာသားများသည် ယုဇနဆီအုန်းကုမ္ပဏီမှ ခြံမန်နေဂျာအား ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။ ထို့နောက် မန်နေဂျာသည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) အား ဖုန်းဆက်၍ အကြောင်းကြားခဲ့သည်။ ခဏအကြာတွင် PDF အဖွဲ့ဝင်တစ်ချို့သည် ဒေါ်တ---အား PDF ခြေမြန်တပ်မ (၁) စီမံခန့်ခွဲသော စစ်ဆေးရေးဂိတ်သို့ ခေါ်ဆောင်သွားခဲ့သည်။ PDF ခြေမြန်တပ်မ (၁) သည် (SAC ထိန်းချုပ်နယ်မြေဖြစ်သော) ကော့သောင်းခရိုင်တွင် အခြေစိုက်ခဲ့သည်။ လက်ရှိအချိန်တွင် ၎င်းတို့သည် KNU ထိန်းချုပ်ရာနယ်မြေဖြစ်သော ဈယ--- နေရာတွင် အခြေစိုက်သည်။ ဈယ--- နေရာသည် တက--- ကျေးရွာအနီးရှိ စတ--- ဒေသတွင်တည်ရှိသည်။ စတ--- ဒေသသည် စတိန်ကျေးရွာအုပ်စုမှ ရွာသားများပိုင်ဆိုင်သည့် ဥယျာဉ်ခြံရှိရာနေရာဒေသဖြစ်သည်။ အဆိုပါစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီးနောက် PDF ခြေမြန်တပ်မ (၁) မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးသည် ၎င်းတို့မှာရှိသည့်ဆေးဝါးများဖြင့် သူမ၏ဒဏ်ရာကိုဆေးလိမ်းပေးခဲ့သည်။ (ဤအတွက် ဒေါ်တ---သည် ပိုက်ဆံပေးစရာမလိုပေ။)

ထို့နောက် PDF ၏အကူအညီဖြင့် လူနာတင်ကားခေါ်၍ ဒေါ်တ--- ကို ဘိတ်ထားဝယ်ခရိုင်၊ နဇ--- မြို့ရှိ နဇ--- ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



အထက်ပါဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေး ရွာအုပ်စု၊ တက--- ကျေးရွာတွင်နေထိုင်သည့်ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ပုံတွင် ဒေါ်တ-- သည် တက--- ကျေးရွာအနီးရှိ နက--- နေရာတွင် SAC ထောင်ထားသည့်မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ၍ဒဏ်ရာရရှိပြီးနောက် သူမအား PDF စစ်ဆေးရေးဂိတ်သို့ပို့ဆောင်ပြီး လူနာတင် ကားတစ်စီးပေါ်တွင် ကူညီတင်ဆောင်ပေးနေသည့်အခြေအနေကို ဖော်ပြထားသည်။ PDF ကျန်းမာရေးဝန်ထမ်းတစ်ဦးမှ သူမ၏ဒဏ်ရာ ကိုဆေးလိမ်း၍ အရေးပေါ်ကုသမှုပေးခဲ့သည်။ ထို့နောက် သူမအား လူနာတင်ကားဖြင့် ဘိတ်ထားဝယ်ခရိုင်၊ နဇ--- မြို့ရှိ နဇ--- ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

(တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့မှ) စစ်သားတစ်ဦး၏ပြောကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် ယုဇနဆီအုန်းကုမ္ပဏီပိုင်ဆိုင်သည့်ဆီအုန်းခြံထဲ မြေမြှုပ်မိုင်းပေါက်ကွဲခဲ့သောနေရာဒေသတွင် မကြာခဏသွားလာလှုပ်ရှားလျက်ရှိသည်။ SAC စစ်သားများသည် ထိုနေရာဒေသတွင် မြေမြှုပ်မိုင်းထောင်ထားလေ့ရှိသည်။ ဒေသခံရွာသားများ၏တင်ပြချက်အရ မြေမြှုပ်မိုင်းပေါက်ကွဲသည့်နေရာသည် ရွာသားတစ်ဦး၏လယ်ယာအနီးတွင်တည်ရှိပြီး ဧက (၃၀၀) ကျယ်ဝန်းသည်။ ၎င်းလယ်ယာထဲတွင် အိမ်တစ်လုံးရှိပြီး SAC စစ်သားများသည် ဒေသအတွင်း စစ်ကြောင်းထိုးလာသည့်အခါတိုင်း ထိုအိမ်ထဲတွင်နေထိုင်လေ့ရှိသည်။ ထို့ကြောင့် SAC စစ်သားများသည် တော်လှန်ရေးတပ်ဖွဲ့များအန္တရာယ်ပြုနိုင်သည့်အခြေအနေမှ မိမိကိုယ်ကိုကာကွယ်ရန်အတွက် ထိုလယ်ယာအနီးတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများထောင်ထားခဲ့ခြင်းဖြစ်သည်။

ဤမြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရွာသားတော်တော်များများသည် မြေမြှုပ်မိုင်းအန္တရာယ်ကို စတင်၍ စိုးရိမ်ကြောက်လန့်နေကြသည်။ တစ်ချို့ရွာသားများသည် ၎င်းတို့စိုက်ပျိုးခြံထဲတွင်ပင် မသွားရဲကြတော့ပေ။ တစ်ချို့ရွာသားများက ကြောက်နေကြသော်လည်း စားဝတ်နေရေးအတွက် ခြံထဲတွင်သွားလာလုပ်ကိုင်ရန်လိုအပ်ပါသည်။ စတိန်ကျေးရွာအုပ်စုတွင်နေထိုင်သောရွာသားများသည် လက်နက်ကိုင်စစ်သားများအနေဖြင့် ရွာသားများ၏စိုက်ပျိုးခြံထဲတွင်ဖြစ်စေ၊ ရွာသားများသွားလာအသုံးပြုသည့်လမ်းအနီးတစ်ဝိုက်တွင်ဖြစ်စေ မြေမြှုပ်မိုင်းများ မထောင်ကြရန် (သက်ဆိုင်ရာတာဝန်ရှိသူများကို) မေတ္တာရပ်ခံတောင်းဆိုခဲ့သည်။

ယုဇနဆီအုန်းကုမ္ပဏီသည် ဒေါ်တ---အတွက် ဆေးကုသမှုကုန်ကျစရိတ်ကို ပေးဆောင်ခဲ့သည်။ ဒေါ်တ---မှာ သားသမီးနှစ်ဦးရှိသည်။ သူမသည် အိမ်ထောင်ကွဲ၍မုဆိုးမတစ်ဦးဖြစ်သည်။ သူမ၏သားသမီးနှစ်ဦးသည်လည်း အိမ်ထောင်ကိုယ်စီရှိကြသည်။ ဒေါ်တ---နှင့်သူ၏မိသားစုသည် ယုဇနဆီအုန်းကုမ္ပဏီတွင် အလုပ်ဝင်လုပ်ကြသည့်နေ့စားအလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် ထိုကုမ္ပဏီတွင်အလုပ်လုပ်၍ စားဝတ်နေရေးကိုဖြေရှင်းကြသည်။ ၎င်းတို့သည် ယခင်က ရန်ကုန်တွင်နေထိုင်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ရန်ကုန်တွင်လုပ်ကိုင်စားသောက်ရတာ အဆင်မပြေသည့်အတွက်ကြောင့် တနသာၤရီတိုင်း (ဘိတ်ထားဝယ်ခရိုင်) သို့လာရောက်ရွှေ့ပြောင်း၍ တက--- ကျေးရွာအနီးရှိ ယုဇနဆီအုန်းကုမ္ပဏီပိုင်ခြံထဲတွင် အလုပ်လုပ်ကိုင်ခဲ့သည်။

အခင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် (၂၀၂၅ ခုနှစ်၊ မတ်လအတွင်း) ဒေါ်တ---နှင့်သူမ၏သားသမီးတို့သည် ယုဇနဆီအုန်းကုမ္ပဏီတွင်အလုပ်ဆက်လုပ်သော်လည်း အခက်အခဲများနှင့်ကြုံတွေ့ရသည်။ အကြောင်းမှာ ၎င်းတို့သည် မြေမြှုပ်မိုင်းအန္တရာယ်ကိုကြောက်ရွံ့နေကြခြင်းဖြစ်သည်။ သို့သော်လည်း ယုဇနဆီအုန်းကုမ္ပဏီတွင် အလုပ်ဆက်လုပ်နေလျက်ရှိသည်။ ဒေါ်တ---၏သားသမီးနှစ်ဦးသည် အိမ်ထောင်နှင့်ရှိနေပြီးဖြစ်သည့်အတွက် ၎င်းတို့မိသားစုများကိုလည်း ကျွေးမွေးစောင့်ရှောက်ရမည်ဖြစ်သောကြောင့် မိသားစုစားဝတ်နေရေးအတွက်အလုပ်လုပ်နေပါသည်။ ထိုအတွက်ကြောင့် တစ်ချိန်တည်းတွင်လည်း ၎င်းတို့မိခင်ဖြစ်သူကို ကျွေးမွေးစောင့်ရှောက်ရန် အခက်အခဲများရှိနေသည်။

အကယ်၍ဖြစ်နိုင်လျှင် ကျေးဇူးပြု၍ စားဝတ်နေရေးအတွက်ကူညီဖေးမပေးကြပါဟု ဒေါ်တ---မှ တောင်းဆိုခဲ့သည်။ (၂၀၂၅ ခုနှစ်၊ မတ်လအတွင်း) ဒေါ်--- ဆေးရုံတက်နေသည့်အချိန်တွင် ယုဇနဆီအုန်းကုမ္ပဏီအလုပ်သမားများက ပေးလှူသည့်ငွေအနည်းငယ်ဖြင့် သူမသည် စားဝတ်နေရေးကိုဖြေရှင်းနေရသည်။ ထို့အပြင် နာရေးကူညီမှုနှင့်လူမှုကယ်

ဆယ်ရေးအသင်းကလည်း သူမအား ငွေကြေးအရ ကူညီထောက်ပံ့ခဲ့သည်။ သူမ၏ဆေးကုသမှုစရိတ်သည် မည်မျှကုန်သွားကြောင်း ရွာသားများက မသိရှိရပါ။ ထို့အပြင် သူမသည် လူဘယ်နှစ်ဦးဆီမှ အလှူငွေများကိုရရှိခဲ့ကြောင်းလည်း ရွာသားများမသိရပါ။ သူမသည် ဆေးရုံတွင် တစ်လကြာဆေးကုသမှုခံယူခဲ့သည်။

လက်ရှိအချိန်တွင် (၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း) ဒေါ်တ--- သည် ကျိုင်းထောက်ဖြင့်လမ်းလျှောက်ရသည့်အတွက် အလုပ်ပြန်မလုပ်နိုင်သေးပါ။ ဆေးရုံမှဆင်းပြီးနောက်တွင် ဒေါ်တ--- သည် မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သူ့ဆီမှ ကူညီထောက်ပံ့မှုများမရရှိခဲ့ပါ။ သူမ၏သမီးဖြစ်သူသာ သူမကိုကျွေးမွေးစောင့်ရှောက်၍ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေရသည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ တက--- ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စောသ--- နှင့် ဒဏ်ရာရရှိသည့်အမျိုးသမီးတို့သည် ဤသတင်းဖြစ်စဉ်ကို အသုံးပြုရန်အတွက် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ ၎င်းတို့နှစ်ဦးသည် (စောသ---နှင့်ဒေါ်တ---) ဤအကြောင်းအရာကို ရေးသားဖြန့်ဝေရန် KHRG အား တောင်းဆိုခဲ့သည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။